# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့( Myanmar Parliamentary Union-MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံ

ပဲခူး အောက်တိုဘာ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့( Myanmar Parliamentary Union-MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး ဥဿာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ က လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက် ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ ပူးပေါင်း ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ လွှတ်တော်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံနိုင်ရေးတို့ အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ( Myanmar Parliamentary Union-MPU) ကို ဖွဲ့စည်း ထားပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ပြည်ထောင်စု အဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုင်းခြားထား သော်လည်း မိမိတို့အားလုံးသည် ပြည်သူများကိုကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသကဲ့သို့ လွှတ်တော်၏ တာဝန် ၃ ရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကို ကိုယ်စားပြု ခြင်းနှင့် အခြားမဏ္ဍိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း လုပ်ငန်းများတွင် တူညီကြပါ ကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်သည့် သက်တမ်းကာလအတွင်း လွှတ်တော်များသည် စွမ်းရည်မြင့်မား၍ ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေး အနာဂါတ် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော် မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၇-၂၀၃၁) ရေးဆွဲထားရှိပြီး ဥပဒေပြုရေးတွင် ထိရောက်မှုရှိရေး၊ စောင့်ကြည့်ထိန်းညှိရေးနှင့် တာဝန်ခံမှုရှိရေး၊ ပြည်သူနှင့်ထိတွေ့၍ ပြည်သူကို ကိုယ်စားပြုရေး၊ နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ဝန်ထမ်းများ စွမ်းရည်မြင့်မားရေး၊ သုတေသနစွမ်းဆောင်ရည် မြင့်မားရေး၊ ဒီဂျစ်တယ် လွှတ်တော် စနစ်ဖွံ့ဖြိုးရေးစသည့် မဟာဗျူဟာရည်မှန်းချက် (၆) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက်(၆)ရပ်အပေါ်မူတည်၍ မိမိတို့တိုင်းဒေသကြီး လွှတ်တော်နှင့်ကိုက်ညီသည့် အချက်များအား နည်းဗျူဟာရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကိုယ်စားလှယ်၏တာဝန်များကို ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာကျင့်ဝတ်စည်းမျဉ်း( Code of conduct) ရေးဆွဲသွားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ အသံကို အကောင်အထည်ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည် မြင့်မားစွာဖြင့် အမြင်ကျယ်ကျယ် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဥပဒေရေးရာကိစ္စရပ်များတွင်လည်း နှံ့စပ်ကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်တွင် အရည်အသွေးမြင့်မားသည့် မေးခွန်းနှင့် အဆိုများ မေးမြန်း နိုင်ရေးအတွက် ပြည်တွင်းပြည်ပ ဗဟုသုတများ ပြည့်စုံကြွယ်ဝရန် လိုအပ်ပြီး လွှတ်တော်သို့ မေးမြန်းသည့် မေးခွန်းနှင့် အဆိုများသည် နိုင်ငံတော်မှတရားဝင် ဖော်ပြသည့် အသုံးအနှုန်း ဖြစ်ရန်ကိုလည်း သတိပြုရေးသားပြောဆို ဆွေးနွေးရမည်ဖြစ်ပါ ကြောင်း၊ လွှတ်တော် သက်တမ်း နုနယ်သေးသည့်အတွက်လည်း လွှတ်တော်၏လုပ်ငန်းစဉ်များ

ဆောင်ရွက်ရာတွင် အရှေ့တစ်ခုသို့ ရောက်အောင် လိမ္မာပါးနပ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိစိတ်ဝင်စားစေရန်အတွက် မိမိတို့ပြည်သူ့လွှတ်တော်တွင် Know Parliament, See Parliament, Open Parliament အစီအစဉ်များ ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးလွှတ်တော်အနေဖြင့်လည်း အခြေအနေအပေါ်မူတည်၍ အကောင်အထည် ဖော်ဆောင်ရွက်သွားကြရန် အကြံပြုလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များကို အထောက်အကူပြုရသည့် လွှတ်တော်ဝန်ထမ်းများအနေဖြင့်လည်း နည်းပညာတတ်ကျွမ်းမှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကိုနားလည်တတ်ကျွမ်းပြီး အရည်အသွေးမြင့်မားသည့် ဝန်ထမ်းများ ဖြစ်စေရေး စဉ်ဆက်မပြတ်လေ့လာသင်ကြားနေရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့်ဝန်ထမ်းများအားလုံးကတက်ညီလက်ညီဖြင့်စဉ်ဆက်မပြတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြား သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကိုလမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဌေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

သတင်းစဉ်